ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling)

အမှတ်၊ ၁ / ၂၀၂၃

နေပြည်တော်၊ ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မေ လ ၁၅ ရက်)

# ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထုထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှုလက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရန်သတ်မှတ်ခြင်း

## နိဒါန်း

၁။ ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသည့် အသစ်ထုထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစား စက်မှု လက်မှုလုပ်ငန်းများအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ အခွန်ထမ်းများနှင့် အခွန်ဝန်ထမ်း များ လိုက်နာဆောင်ရွက်ရာတွင် ရှင်းလင်းမှုရှိစေရန်နှင့် တစ်ပြေးညီဖြစ်စေရန် ပြည်တွင်းအခွန်များဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအများပြည်သူ သိရှိလိုက်နာရန်သတ်မှတ်ချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

၂။ ဤအများပြည်သူ သိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ ပြည်တွင်းအခွန်များဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှုရှိသည်။

## သက်ဆိုင်သည့်အကြောင်းအရာ

၃။ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထုထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစားစက်မှု လက်မှုလုပ်ငန်းများအား ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ကျင့်သုံးကြောင်း ရှင်းလင်းအသိပေးခြင်းဖြစ်ပါသည်။

အကျိုးသက်ရောက်သူများ

၄။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်း သို့မဟုတ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်သူများအားလုံးအပေါ်တွင် အကျိုး သက်ရောက်စေရမည်။

သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်

၅။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန် အကောက်ဥပဒေပုဒ်မ ၂၉ နှင့်သက်ဆိုင်စေရမည်။

လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

၆။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၉ အရ ပြည်တွင်းထုတ်လုပ်မှုကို အခြေခံသည့် အသစ်ထူထောင်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ သို့မဟုတ် အသေးစား စက်မှုလက်မှုလုပ်ငန်းများသည် လုပ်ငန်းစတင်သောနှစ် အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေ ကျပ် သိန်း ၁၅၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ပါသဖြင့် အဆိုပါ ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ အနေဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် သက်ဆိုင်ရာအခွန်ရုံးသို့တင်ပြရာတွင် အောက်ဖော်ပြပါ မှတ်ပုံတင် လက်မှတ်မူရင်းကို မိတ္တူနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်ပါသည်-

(က) တိုင်းဒေသကြီး/ ပြည်နယ်များ၏ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းနှင့်စပ်လျဉ်းသော ဥပဒေ များအရ မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ထုတ်ပေးသည့် "အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်"၊

(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေအရ မှတ်ပုံတင်ခြင်းဖြစ်ပါက သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ထုတ်ပေး သည့် "အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်"၊

(ဂ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ခြင်းဖြစ်ပါက ထုတ်လုပ်မှုကိုအခြေခံသော လုပ်ငန်းဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသည့် "အသေးစား၊ အငယ်စားနှင့် အလတ်စား ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင် လက်မှတ်"၊

(ဃ) အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အရမှတ်ပုံတင်ခြင်းဖြစ်ပါက ထုတ်လုပ်မှုကိုအခြေခံသော လုပ်ငန်းဖြစ်ကြောင်း သက်ဆိုင်ရာ အေဂျင်စီက ထုတ်ပေးသည့် "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း မှတ်ပုံတင်လက်မှတ်" သို့မဟုတ် မှတ်ပုံတင်လက်မှတ်မရရှိသေးပါက စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသည့် "အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအဖွဲ့ဝင်လက်မှတ်"။

၇။ ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၉ ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ပြည်တွင်းထုတ်လုပ်မှုကိုအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန် ဆောင်ရွက်ပေးခြင်းဖြစ်သောကြောင့် **"လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲ"** နှင့်သက်ဆိုင်သည့် ဝင်ငွေနှစ်အား လုပ်ငန်းစတင်သောနှစ်အဖြစ်သတ်မှတ်ပြီး ယင်းဝင်ငွေနှစ်အတွက်မှစတင်၍ တစ်ဆက်တည်းသုံးနှစ်အထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၈။ ထို့ပြင် အဆိုပါပုဒ်မ ၂၉ အရ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေမှ ကျပ်သိန်း ၁၅၀ အားနုတ်ပယ်၍ ကျန်ဝင်ငွေပမာဏအပေါ်တွင်သာ ပေးဆောင်ရမည့်ဝင်ငွေခွန်ကို တွက်ချက်သွားမည် ဖြစ်သောကြောင့် လုပ်ငန်းရှင်များအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၂၀ နှင့်အညီ မိမိလုပ်ငန်းနှင့်စပ်လျဉ်းသည့် စာရင်းများနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။

၉။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်စေရန် အောက်ဖော်ပြပါ နမူနာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြအပ်ပါသည်-

**နမူနာ (၁)**

(က) **ဖြစ်စဉ်။** ဦးမောင်မောင်သည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းကို ၁-၁-၂၀၂၁ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့သော်လည်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းအား ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သောကြောင့် ၎င်း၏လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၂၀-၄-၂၀၂၃ ရက်နေ့ဖြစ်ပါသည်။ ဦးမောင်မောင်သည် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်တွင် အဆိုပါလုပ်ငန်းမှ အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၂၀ ရရှိခဲ့ပါသည်။

(ခ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဦးမောင်မောင်၏ လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၂၀-၄-၂၀၂၃ ရက်နေ့ ဖြစ်သောကြောင့် ဦးမောင်မောင်သည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ယင်းနေ့နှင့်သက်ဆိုင်သည့် ၂၀၂၃-၂၀၂၄

ဝင်ငွေနှစ်အတွက်မှစ၍ ကင်းလွတ်ခွင့်ရရှိမည် ဖြစ်ပါသည်။ အဆိုပါဝင်ငွေနှစ်အတွက် ဦးမောင်မောင်၏ အသားတင်အမြတ်ဝင်ငွေမှာ ကျပ်သိန်း ၁၂၀ ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၆ အရ ကင်းလွတ်ခွင့်ရရှိသည့် အသားတင်အမြတ်ဝင်ငွေပမာဏမှာ ကျပ်သိန်း ၁၅၀ ဖြစ်သောကြောင့် ဦးမောင်မောင်အနေဖြင့် ယင်းဝင်ငွေနှစ်တွင် ဝင်ငွေခွန်ကျသင့်မည် မဟုတ်ပါ။

နမူနာ (၂)

(က) **ဖြစ်စဉ်။** ဦးမြသည် အသေးစားစက်မှုလက်မှုလုပ်ငန်းကို ၁-၅-၂၀၂၃ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့ပြီး ယင်းနေ့၌ပင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ဦးမြ၏ လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၁-၅-၂၀၂၃ ရက်နေ့ ဖြစ်ပါသည်။ ဦးမြသည် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်တွင် အဆိုပါလုပ်ငန်းမှ အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၃၀၀ ရရှိခဲ့ပါသည်။

(ခ) **အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဦးမြ၏ လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၁-၅-၂၀၂၃ ရက်နေ့ ဖြစ်သောကြောင့် ဦးမြသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ယင်းနေ့နှင့်သက်ဆိုင်သည့် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်အတွက်မှစ၍ ကင်းလွတ်ခွင့်ရရှိမည် ဖြစ်ပါသည်။ အဆိုပါဝင်ငွေနှစ်အတွက် ဦးမြ၏ အသားတင်အမြတ်ဝင်ငွေမှာ ကျပ်သိန်း ၃၀၀ ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၆ အရ ကင်းလွတ်ခွင့်ရရှိသည့် အသားတင်အမြတ်ဝင်ငွေပမာဏမှာ ကျပ်သိန်း ၁၅၀ ဖြစ်သောကြောင့် ဦးမြအနေဖြင့် ယင်းဝင်ငွေနှစ်တွင် အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၅၀ အပေါ်၌သာ ဝင်ငွေခွန်ပေးဆောင်ရမည် ဖြစ်ပါသည်။

နမူနာ (၃)

(က) **ဖြစ်စဉ်။** ဦးအောင်သည် အလတ်စားစက်မှုလက်မှုလုပ်ငန်းကို ၁-၇-၂၀၂၂ ရက်နေ့တွင် စတင်လုပ်ကိုင်ခဲ့သော်လည်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းကို ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သောကြောင့် ၎င်း၏လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၁-၇-၂၀၂၃ ရက်နေ့ဖြစ်ပါသည်။ ဦးအောင်သည် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်တွင် အဆိုပါလုပ်ငန်းမှ အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၇၀၀ ရရှိခဲ့ပါသည်။

( ခ ) အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။ ဦးအောင်၏ လုပ်ငန်းမှတ်ပုံတင်လက်မှတ်ပါ မှတ်ပုံတင်သည့်ရက်စွဲမှာ ၁-၇-၂၀၂၃ ရက်နေ့ ဖြစ်သောကြောင့် ဦးအောင်သည် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ယင်းနေ့နှင့်သက်ဆိုင်သည့် ၂၀၂၃-၂၀၂၄ ဝင်ငွေနှစ်အတွက်မှစ၍ ကင်းလွတ်ခွင့်ရရှိမည် ဖြစ်ပါသည်။ အဆိုပါဝင်ငွေနှစ်အတွက် ဦးအောင်၏ အသားတင်အမြတ်ဝင်ငွေမှာ ကျပ်သိန်း ၇၀၀ ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၉ အရ ကင်းလွတ်ခွင့်ရရှိသည့် အသားတင်အမြတ်ဝင်ငွေပမာဏမှာ ကျပ်သိန်း ၁၅၀ ဖြစ်သောကြောင့် ဦးအောင်အနေဖြင့် ယင်းဝင်ငွေနှစ်တွင် အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၅၅၀ အပေါ်၌သာ ဝင်ငွေခွန်ပေးဆောင်ရမည် ဖြစ်ပါသည်။

၁၀။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၁၁။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

(မင်းထွဋ်)

ညွှန်ကြားရေးမှူးချုပ်

NTO

စာအမှတ်၊ ၁(၂)/ဥစ-၁/ပတခ/၂၀၂၃ ( ၃၃၈၁ )

ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ မေ လ ၁၅ ရက်

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁)၊ (၂)

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)

တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

} သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာနwebsiteတွင်လွှင့်တင်ရန်ညွှန်ကြားပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ